**ဘိုးဘွားရိပ်သာများတွင် လက်ခံစောင့်ရှောက်ပေးထားသော သက်ကြီးရွယ်အိုများအား COVID-19 ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ပြုစုစောင့်ရှောက်ရန် လုပ်ငန်းလမ်းညွှန်**

(၁) ဘိုးဘွားရိပ်သာများတွင် စောင့်ရှောက်လျက်ရှိသည့် အဘိုးအဘွားများ၊ အဘိုးအဘွားများကိုပြုစုစောင့်ရှောက်လျက်ရှိသည့် Caregiverများနှင့် ဝန်ထမ်းများတို့သည် ရောဂါကူးစက်မှု မဖြစ်ပွားစေရန် လက်ကို ပုံမှန်ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များ မဖြစ်မနေ စနစ်တကျ တပ်ဆင် စေခြင်း၊ ချောင်းဆိုး၊ နှာချေပါက တစ်ရှူးအသုံးပြုခြင်း၊ လက်ကိုမကြာခဏ လက်သန့်စင် ဆေးရည်အသုံးပြု၍ ဆေးကြောခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရန်၊

(၂) ဘိုးဘွားရိပ်သာများသို့ COVID-19 ရောဂါကူးစက်မှုနှုန်း မြင့်မားနေသည့် ကာလတွင် အလှူရှင်များနှင့် ဧည့်သည်များ လုံးဝ(လုံးဝ)လာရောက်ခြင်း မပြုရန်၊ အဘိုးအဘွားများ၏ မိသားစုဝင်များနှင့် အဆက်အသွယ် မပြတ်စေရန် တယ်လီဖုန်းခေါ်ဆိုပေးခြင်းဖြင့် အထီးကျန်ဆန်မှုကို လျော့ပါးအောင် ဆောင်ရွက်ပေးရန်၊

(၃) မဖြစ်မနေ လာရောက်သည့် ဧည့်သည်များ၊ အလှူရှင်များရှိပါက လာရောက်သည့်အခါ ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးခြင်း၊ လက်သန့်စင်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) မဖြစ်မနေ စနစ်တကျ တပ်ဆင်စေခြင်းများကို ဆောင်ရွက်ရန်၊ အဘိုးအဘွားများ နားနေဆောင်အတွင်းသို့ လုံးဝ(လုံးဝ) ဝင်ရောက်ခြင်းမပြုရန်နှင့် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ရုံးခန်းအတွင်း၌သာ လက်ခံထားရှိရန်၊

(၄) ရိပ်သာများတွင် အဘိုးအဘွားများအား ပြုစုစောင့်ရှောက်လျက်ရှိသည့် Caregiver များ၊ ဝန်ထမ်းများအားလုံးသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အမြဲဝတ်ဆင်ရန်၊ မျက်နှာအကာ (Face Shield)များ တပ်ဆင်ရန်၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) စနစ်တကျ ပုံမှန်လဲလှယ်အသုံးပြုရန်နှင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) များကို အဖုံးပါသည့် အမှိုက်ပုံးများထဲသို့ စနစ်တကျ စွန့်ပစ်ရန်၊

(၅) အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ပေးနေသည့် Caregiver များ၊ ဝန်ထမ်းများ အနေဖြင့် ရုတ်တရက် ဖျားနာခြင်း၊ အနံ့အရသာ ပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်းစသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ် လက္ခဏာများ ခံစား နေရလျှင်သော်လည်းကောင်း၊ လွန်ခဲ့သော(၁၄)ရက်အတွင်း COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ၊ စောင့်ကြည့်လူနာ၊ အသွားအလာ ကန့်သတ်ခြင်း ခံရသူတို့နှင့် ထိတွေ့မှု ရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသော ဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်း ရှိခဲ့လျှင် သော်လည်းကောင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ် သွားရောက် ပြသရန်နှင့် ပြင်ပမှ အသွားအပြန် လာရောက်နေသည့် Caregiverများ၊ ဝန်ထမ်းများ ဖြစ်ပါက ဘိုးဘွားရိပ်သာသို့ လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်၊

(၆) အဘိုးအဘွားများအား အစားအသောက် ကျွေးမွေးအချိန်တွင်လည်းကောင်း၊ အိပ်ချိန်နှင့် နားနေသည့် အချိန်များတွင် လည်းကောင်း တစ်ဦးနှင့် တစ်ဦး (၆)ပေခွာ၍ တစ်ဦးချင်း သီးသန့် ကျွေးမွေးနေထိုင်စောင့်ရှောက်ရန်၊

(၇) အဘိုးအဘွားများ၏ တစ်ကိုယ်ရည် အသုံးအဆောင်ပစ္စည်းများ၊ အစားအသောက် အသုံးအဆောင်ပစ္စည်းများကို တစ်ဦးနှင့်တစ်ဦး အချင်းချင်း လုံးဝ(လုံးဝ)မျှဝေသုံးစွဲခြင်း မပြုရန်၊

(၈) ပြင်ပသို့ ခေတ္တသွားရောက်ပြီး ပြန်ရောက်လာသည့် ဝန်ထမ်းများအနေဖြင့် ကိုယ်လက် သန့်စင်ခြင်းမပြုမီ အဘိုးအဘွားများနှင့် အနီးကပ်ထိတွေ့ နှုတ်ဆက်ခြင်းမျိုး လုံးဝ (လုံးဝ)မပြုလုပ်ရန်၊

(၉) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအရ အဘိုးအဘွားများ စားသောက်ရေးအတွက် နေ့စဉ်ဈေးဝယ်ထွက်မည်ဆိုပါက အနည်းဆုံး ဝန်ထမ်းတစ်ဦးသာ ပုံမှန် သွားရောက်ဝယ်ယူရန်၊ အဆိုပါ ဝန်ထမ်းသည် ဈေးမှ ပြန်လာသည့်နောက်ပိုင်းတွင် လက်ကို စင်ကြယ်စွာဆေးကြောခြင်း၊ ဈေးဝယ်သွားစဉ် အသုံးပြုထားသည့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အသစ်လဲလှယ် တပ်ဆင်ခြင်း၊

ဈေးဝယ်စဉ် ဝတ်ဆင်ထားသည့် အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီး နောက်လျှော်ဖွပ်ရန်နှင့် အဝတ်အစားအသစ် လဲလှယ်ဝတ်ဆင်ပြီးမှသာ အဘိုးအဘွားများ နေထိုင်ရာ အဆောင်အတွင်းသို့ ဝင်ရောက်ရန်၊

(၁၀) ကျန်းမာရေးကိစ္စရပ်များအတွက် ဆေးရုံ၊ ဆေးခန်း သွားရောက်ပြသရန်ရှိပါက အနည်းဆုံး ဝန်ထမ်းနှစ်ဦးသာ အတူလိုက်ပါ၍ သွားရောက်ပြသရန်နှင့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။